IOM International Organization for Migration

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်

ထုတ်ဝေချက် ၁၀ – ဧပြီ ၂၀၁၁

နိုင်ငံသားစိစစ်အတည်ပြုခြင်း (Nationality Verification၊ နိုင်/စစ်) လုပ်ငန်းစဉ် စတင်ချိန် (ကမ္ဘောဒီးယား၊ လာအိုနိုင်ငံသားများအတွက် ၂၀၀၆ ခုနှစ် နှင့် မြန်မာ/ဗမာ နိုင်ငံသားများအတွက်၂၀၀၉ ခုနှစ် ဩဂုတ်လ) မှစ၍ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ အထိ နိုင်/စစ် လုပ်ငန်းစဉ် ဆောင်ရွက်ပြီးစီးခဲ့သော ရွှေ့ပြောင်းအလုပ်သမားများ အရေအတွက် အားလုံး စုစုပေါင်း ၅၅၀,၀၀၃ ဦး (ကမ္ဘောဒီးယား ၁၀၃,၈၂၆ ဦး၊ လာအို ၉၃,၄၂၉ ဦးနှင့် မြန်မာ/ဗမာ ၃၅၂,၇၄၈ ဦး) ယာယီနိုင်ငံကူးလက်မှတ် ရရှိကာ ထိုင်းနိုင်ငံအတွင်း တရားဝင်နေထိုင် အလုပ်လုပ်ကိုင်ခွင့် ရရှိခဲ့ကြပြီ ဖြစ်ပါသည်။

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ စာရင်းအရ နိုင်/စစ် လုပ်ငန်းစဉ် ဆောင်ရွက်ရန် ရွေးချယ်ထားသော ရွှေ့ပြောင်း အလုပ်သမားများ စုစုပေါင်း ၉၃၂,၂၅၅ ဦးအနက် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ၌ လုပ်ငန်းစဉ်မပြီးစီးသေးသူ ၅၄၃,၇၄၉ ဦး ကျန်ရှိနေခဲ့ပါသည်။

ထို နိုင်/စစ် လုပ်ငန်းစဉ် မပြီးစီးသေးသည့် ရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် ထိုင်းနိုင်ငံအတွင်း နေထိုင် အလုပ်လုပ်ကိုင်လိုပါက အာဏာပိုင်များမှ နိုင်/စစ်လျှောက်လွှာများ ဆက်လက် ဆောင်ရွက်နေစဉ် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်များအား ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ မကုန်မီ အသစ်လဲလှယ်ထားရန် လိုအပ် ပါသည်။

ထိုကာလအတွင်း ရွှေ့ပြောင်း အလုပ်သမား ၂၉၅,၁၃၆ ဦးသာ အလုပ်လုပ်ကိုင်ခွင့် လက်မှတ်များ အသစ်လဲလှယ် နိုင်ခဲ့ကြပြီး အများစုမှာ အသစ်မလဲလှယ်နိုင်ခဲ့ကြသဖြင့် တရားမဝင်အခြေအနေသို့ ပြန်လည် ရောက်ရှိ သွားနိုင် ကြောင်း တွေ့ရှိရပါသည်။

သို့သော် မှတ်ပုံမတင်ရသေးသော ရွှေ့ပြောင်း အလုပ်သမားများအား ထိုင်းနိုင်ငံအတွင်း နေထိုင် အလုပ်လုပ်ကိုင်နိုင်ခွင့်ရရန် ထပ်မံ အခွင့်အရေးပေးသည့်အနေဖြင့် မှတ်ပုံတင်ခြင်း အသစ်နောက်ထပ်တစ်ကြိမ် ဆောင်ရွက်ပေးရေးအတွက် ဆွေးနွေးခြင်းများ နှင့်စပ်လျဉ်း၍ တိုးတက် လာကြောင်း တွေ့ရှိရပါသည်။

ဤကြေငြာချက်တွင် ထိုင်းနိုင်ငံအတွင်းရှိ ရွှေ့ပြောင်း အလုပ်သမားများအပေါ် အကျိုးသက်ရောက်စေမည့် နောက်ဆုံး စည်းမျဉ်းသတ်မှတ်ချက်များ နှင့်အတူ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များ အသစ်လဲလှယ်ခြင်း နှင့် နိုင်/စစ် လုပ်ငန်းစဉ် နောက်ဆုံးစာရင်းဇယားများအား အသေးစိတ်ထည့်သွင်းဖော်ပြထားပါသည်။

ရွှေ့ပြောင်းသူများဆပ်ကော်မတီမှ ရွှေ့ပြောင်းသူများ အသစ်နောက်ထပ်တစ်ကြိမ် မှတ်ပုံတင်ခြင်းအား ခွင့်ပြုခြင်း

ရွှေ့ပြောင်း အလုပ်သမားများအတွက် အသစ်နောက်ထပ်တစ်ကြိမ် မှတ်ပုံတင်ခြင်းဆောင်ရွက်ပေးရန် အလုပ်သမား ဝန်ကြီးဌာန၏ တတိယအကြိမ်မြောက် တောင်းဆိုချက်အား နိုင်ငံခြားသားအလုပ်သမားများ ဘက်စုံစီမံအုပ်ချုပ်ရေး ဆပ်ကော်မတီမှ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ခွင့်ပြုခဲ့ပါသည်။

ထိုကိစ္စကို တရားမဝင်အလုပ်သမားများ အုပ်ချုပ်ရေး အမျိုးသားကော်မတီသို့ ယင်းကော်မတီ၏ စဉ်းစားဆင်ခြင်ခြင်း နှင့် အတည်ပြုချက်ရယူရန် ဧပြီလ ၁၉ ရက်နေ့တွင် အဆိုပြုသွားမည် ဖြစ်ပါသည်။ အမျိုးသား ကော်မတီမှ အတည်ပြုခဲ့ပါက ဝန်ကြီးအဖွဲ့၏ နောက်ဆုံးခွင့်ပြုချက်ရယူရန် ဆက်လက်တင်ပြသွားမည် ဖြစ်ပါသည်။

သို့သော် အသစ်နောက်ထပ်တစ်ကြိမ် မှတ်ပုံတင်ခြင်း ဆောင်ရွက်ပေးရေးအတွက် ဝန်ကြီးအဖွဲ့မှ ဆုံးဖြတ်ချက်ချရန် နှင့် ဆုံးဖြတ်ချက် ထုတ်ပြန်နိုင်မှုမှာ လာမည့် အထွေထွေရွေးကောက်ပွဲမတိုင်မီ ကျန်ရှိသော အချိန် ကန့်သတ်ချက်အရ နှစ်ကုန်ပိုင်းထိအောင် နှောင့်နှေးနိုင်ဖွယ် ရှိပါသည်။

လူကုန်ကူးခံခဲ့ကြရသူများကို ယာယီနေထိုင်အလုပ်လုပ်ကိုင် ခွင့်ပြုခြင်း

ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက် (၆) တွင် အသေးစိတ် ဖော်ပြထားသည့် အတိုင်း လူကုန်ကူးခံခဲ့ကြရသည့် ရွှေ့ပြောင်းလုပ်သားများကို ထိုင်းနိုင်ငံအတွင်း ယာယီနေထိုင်အလုပ်လုပ်ကိုင် ခွင့်ပြုသည့် ဝန်ကြီးအဖွဲ့ ဆုံးဖြတ်ချက်တစ်ရပ်ကို ၂၀၁၀ ခုနှစ် မေလ ၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

လူကုန်ကူးခံခဲ့ကြရသူများ လောလောဆယ် လုပ်ကိုင်နိုင်မည့် အလုပ်အကိုင်များစာရင်းတစ်ခု သတ်မှတ်ခြင်းအား အလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာနမှ လုပ်ဆောင်လျက် ရှိပါသည်။

အလုပ်သမားဝန်ကြီးဌာန၏အလုပ်အကိုင်များစာရင်းရေးဆွဲပြုစုရန်လူကုန်ကူးခံခဲ့ကြရသည့်*ရွှေ့ပြောင်းအလုပ်သမား*များ အတွက်အကျိုးရှိမည့် အလုပ်အကိုင်များနှင့်ပတ်သက်၍ လိုအပ်သော သတင်းအချက်အလက်များကို လူမှုဖွံ့ဖြိုးရေးနှင့် လူသားများဘဝ လုံခြုံရေးဝန်ကြီးဌာနမှ စီစဉ်ပေးလျက် ရှိပါသည်။

ထိုအချိန်အတွင်း ယင်းတို့ ထိုင်းနိုင်ငံအတွင်း ယာယီနေထိုင်နိုင်ရေး စည်းကမ်းသတ်မှတ်ချက်တစ်ခု ရေးဆွဲပြုစုရန် ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူရမည် ဖြစ်ပါသည်။

ရွှေ့ပြောင်းလုပ်သားသင်တန်းကျောင်းများအပေါ် ပညာရေးဝန်ကြီးဌာန၏ စည်းမျဉ်းမူကြမ်းအား ဝန်ကြီးအဖွဲ့၏သဘောတူညီချက်

သီးခြားပုဂ္ဂိုလ်အလိုက် (သို့မဟုတ်) အဖွဲ့အစည်းအလိုက် ရွှေ့ပြောင်းလုပ်သား သင်တန်းကျောင်းများတွင် အထောက်အထားမရှိသူ၊ ထိုင်းလူမျိုးမဟုတ်သူများ၏ တရားဝင်အခွင့်အရေးအဖြစ် အခြေခံပညာ သင်ကြား ခွင့်ပေးရန် ပညာရေးဝန်ကြီး ဌာန၏ စည်းကမ်းသတ်မှတ်ချက် မူကြမ်းတစ်ရပ်အား ထိုင်းဝန်ကြီးအဖွဲ့က ၂၀၁၁ခုနှစ် မတ်လ ၂၈ရက်နေ့တွင် အတည်ပြုခဲ့ပြီး ထိုင်းနိုင်ငံပြည်နယ်ကောင်စီရုံးသို့ ထိုစည်းကမ်းသတ်မှတ်ချက် မူကြမ်းအား ဆက်လက်သုံးသပ်ရန် တာဝန်ပေးအပ်ခဲ့သည်။

စည်းကမ်းသတ်မှတ်ချက် မူကြမ်းပြဋ္ဌာန်းချက်များတွင် အထောက်အထားမရှိသူ၊ ထိုင်းလူမျိုးမဟုတ်သူများအား အခြေခံပညာရေး ထောက်ပံ့မှုပေးရန် ပညာရေးဝန်ကြီးဦးစီးသည့် အမျိုးသားကော်မတီတစ်ရပ် နှင့် ပြည်နယ် မြို့တော်ဝန်တို့ ဦးစီးသည့် မူလတန်းပညာရေးလုပ်ငန်း နယ်မြေရုံးအဖွဲ့ဝင်တစ်ဦးမှ ကော်မတီအဖွဲ့ဝင်နှင့် အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်မည့် ပြည်နယ်ကော်မတီတစ်ရပ် ဖွဲ့စည်းရန်တို့ ပါဝင်သည်။

ရွှေ့ပြောင်းလုပ်သားသင်တန်းကျောင်းများ တည်ထောင်ခြင်းနှင့် ဖျက်သိမ်းခြင်း စည်းကမ်းသတ်မှတ်ချက်များ ကိုလည်း ပြဋ္ဌာန်းထားပါသည်။ ပြည်နယ်ကောင်စီရုံးက စည်းကမ်းသတ်မှတ်ချက်မူကြမ်းအား အတည်ပြုသည်နှင့် တစ်ပြိုင်နက် ပညာရေးဝန်ကြီးဌာနမှ စည်းကမ်းသတ်မှတ်ချက်အား တရားဝင်ကြေငြာပြီး အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာန၏ ၂၀၁၂–၂၀၁၆ အတွင်း ရွှေ့ပြောင်းလုပ်သားကျန်းမာရေး အစီအစဉ်

ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနမှ ၂၀၁၂–၂၀၁၆ ရွှေ့ပြောင်းလုပ်သားကျန်းမာရေး မဟာဗျူဟာမူကြမ်းတစ်ခုနှင့် အတူအကွ အကောင်အထည်ဖော်မည့် နယ်စပ်ဒေသကျန်းမာရေး စီမံချက်တစ်ခုအား ရေးဆွဲလျက် ရှိပါသည်။ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၏ ငါးနှစ်မဟာဗျူဟာများသည် အဓိကအချက်အလက် အများအပြားကို ဦးတည်ထားပါသည်။

- *အရည်အသွေးပြည့်ကျန်းမာရေးဝန်ဆောင်မှုရရှိစေရေး။* အရည်အသွေးပြည့်ကျန်းမာရေးဝန်ဆောင်မှုများ ရွှေ့ပြောင်းလုပ်သားအုပ်စုများသို့ ရောက်ရှိစေပြီး ရွှေ့ပြောင်းလုပ်သား ဘာသာစကားများဖြင့် ဖော်ပြထားသည့် သတင်း အချက်အလက်များအား ဖြန့်ဝေပေးသွားရန် ဖြစ်ပါသည်။
- *ကျန်းမာရေးဝန်ဆောင်မှုစနစ် တိုးမြှင့်ခြင်း။* ကျန်းမာရေးဌာနများ တိုးချဲ့ပေးခြင်းဖြစ်ပါသည်။
- *ကျန်းမာရေးလှုပ်ရှားမှုများတွင် ရွှေ့ပြောင်းလုပ်သားများနှင့် ရွှေ့ပြောင်းလုပ်သားအုပ်စုများ ပါဝင်မှု တိုးမြှင့်ပေးခြင်း။* သက်ဆိုင်ရာကိုယ်စားလှယ်များပါဝင်သော ကျန်းမာရေးကော်မတီတစ်ခုကိုဖွဲ့စည်းကာ ရွှေ့ပြောင်းလုပ်သား ကျန်းမာရေးဌာနများအား ပြုပြင်မွမ်းမံပေးခြင်း ဖြစ်ပါသည်။
- *ရွှေ့ပြောင်းလုပ်သားနှင့် နယ်စပ်ဒေသကျန်းမာရေး မဟာဗျူဟာများ အကောင်အထည်ဖော်ရန် ထိရောက်ပြီးအကျိုးရှိသော စီမံအုပ်ချုပ်မှု။* ကျန်းမာရေးလုပ်သား လေ့ကျင့်ရေးများနှင့် ကျန်းမာရေးသတင်းအချက်အလက်စနစ် ပြုပြင်မွမ်းမံခြင်း ဖြစ်ပါသည်။

စာရင်းဇယားများ

- **၂၀၁၁ ခုနှစ်အတွင်း နိုင်/စစ် လုပ်ငန်းစဉ်ဆောင်ရွက်နေမှုအခြေအနေ**

နိုင်ငံသား	နိုင်/စစ်လုပ်ငန်းစဉ်စတင်ချိန်မှ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ အထိ နိုင်/စစ်လုပ်ငန်းစဉ်[၁]ဆောင်ရွက်ပြီးခဲ့သောရွှေ့ပြောင်းလုပ်သားများ အားလုံးစုစုပေါင်းအရေအတွက်
ကမ္ဘောဒီးယား	၁၀၃,၈၂၆
လာအို	၉၃,၄၂၉
မြန်မာ/ဗမာ	၃၅၂,၇၄၈
စုစုပေါင်း	၅၅၀,၀၀၃

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအထိ နိုင်/စစ်လုပ်ငန်းစဉ် ဆောင်ရွက်ပြီးခဲ့သော ရွှေ့ပြောင်းလုပ်သားများအားလုံး စုစုပေါင်း အရေအတွက် ဖြစ်ပါသည်။ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလစာရင်းအရ နိုင်/စစ် လုပ်ငန်းစဉ်ဆောင်ရွက်ရမည့် ရွှေ့ပြောင်းလုပ်သားများအရေအတွက် စုစုပေါင်း ၈၃၂,၂၅၅ ဦးအနက် နိုင်/စစ် လုပ်ငန်းစဉ် ပြီးစီးသူအရေအတွက်နှင့် ဆောင်ရွက်ရန်ကျန်ရှိသူ အရေအတွက်ကို မသိရသေးပါ။

ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာနမှ ရယူထားခြင်း ဖြစ်ပါသည်။

- **၂၀၁၁ ခုနှစ်အတွင်း အလုပ်လုပ်ကိုင်ခွင့်လက်မှတ်အသစ်လဲလှယ်ခြင်း**

နိုင်ငံသား	၂၀၁၁ခုနှစ် ဖေဖော်ဝါရီလ အထိ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်အသစ်လဲလှယ်ပြီးသည့် ရွှေ့ပြောင်းအလုပ်သမားများအရေအတွက်
ကမ္ဘောဒီးယား	၁၇,၅၇၀
လာအို	၁၁,၁၉၄

[၁] ထိုင်း–ကမ္ဘောဒီးယား နိုင်/စစ်လုပ်ငန်းစဉ် နှင့် ထိုင်း–လာအို နိုင်/စစ်လုပ်ငန်းစဉ်တို့အား ၂၀၀၆ခုနှစ်တွင် စတင်ခဲ့ပြီး ထိုင်း–မြန်မာ/ဗမာ နိုင်/စစ်လုပ်ငန်းစဉ် အား ၂၀၀၉ခုနှစ်တွင် စတင်ခဲ့ပါသည်။

မြန်မာ/ဗမာ	၂၆၆,၃၇၂
စုစုပေါင်း	၂၉၅,၁၃၆

အထက်ပါအတိုင်း ၂၀၁၁ခုနှစ် မတ်လ ၁ ရက်နေ့အထိ နိုင်/စစ် လုပ်ငန်းစဉ် ဆောင်ရွက်သင့်သော ရွှေ့ပြောင်းလုပ်သားများ စုစုပေါင်းအရေအတွက် ဖြစ်ပါသည်။ ထို့ကြောင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်အသစ် မလဲလှယ်ဖြစ်သည့် ရွှေ့ပြောင်း လုပ်သားများ အရေအတွက် အတိအကျ မသိရသေးပါ။ *၅၄၃,၇၄၉* ဦး (၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်၌ နိုင်/စစ် လုပ်ငန်းစဉ် *မပြီးစီးသေးသူ*အရေအတွက်) မှ ၂၉၅,၁၃၆ ဦး နုတ်လျှင်လည်း ၂၀၁၁ ခုနှစ် ဇန်နဝါရီလ နှင့် ဖေဖော်ဝါရီလ အတွင်း နိုင်/စစ်လုပ်ငန်းစဉ် ဆောင်ရွက်ပြီးခဲ့သော ရွှေ့ပြောင်းလုပ်သားများ အရေအတွက် မသိရသေးသဖြင့် မမှန်နိုင်ပါ။

ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာနမှရယူထားခြင်းဖြစ်ပါသည်။

အိုင်အိုအမ်(IOM)၏ နောက်ဆုံးထုတ်စာအုပ်များနှင့် မိတ်ဆက်ခြင်း

အိုင်အိုအမ်၏ လူကုန်ကူးမှုတားဆီးရေးဌာနမှ *“Training Manual on Psychosocial Assistance for Trafficked Persons”*အား အင်္ဂလိပ်ဘာသာဖြင့်၄င်း၊ *“Research on Psychosocial and Mental Health Service Provision for Survivors of Trafficking”*အား ထိုင်းနှင့်အင်္ဂလိပ်ဘာသာဖြင့်၄င်း စာအုပ်နှစ်အုပ် ထုတ်ဝေခဲ့ပါသည်။

အထွေထွေပံ့ပိုးသူများနှင့် လမ်းညွှန်ဆွေးနွေးသူများအတွက် လေ့ကျင့်ရေးလက်စွဲစာအုပ်သည် လူကုန်ကူး ခံခဲ့ကြရသူ များအတွက် သင့်လျော်သည့် ပြုစုစောင့်ရှောက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်း၊ လူကုန်ကူးမှု အတွေ့အကြုံဆိုင်ရာ လူမှုရေးစိတ်ဝေဒနာ သွင်ပြင်လက္ခဏာများကို နားလည်နိုင်စေရန် မှီငြမ်းကိုးကားနိုင်မည့် အရည်အသွေးမီစာအုပ် ဖြစ်ပါသည်။

သုတေသနစာတမ်းတွင် မဟာမဲခေါင်ဒေသခွဲနှင့် အင်ဒိုနီးရှားဒေသအတွင်းမှ လူကုန်ကူးခံခဲ့ကြရသူများအတွက် လူမှုရေးစိတ်ဝေဒနာနှင့် စိတ်ကျန်းမာရေးဝန်ဆောင်မှုများ ထောက်ပံ့ခြင်း၊ အလေ့အကျင့်ကောင်းများအား မီးမောင်း ထိုးပြခြင်း နှင့် ဤအရေးပါသောကဏ္ဍတွင်း အပြုသဘောဆောင်သော အစီအစဉ်များရေးဆွဲရန် လမ်းညွှန် အကြံပြုချက်အချို့တို့ကို လျှပ်တပြက် လေ့လာ တင်ပြထားပါသည်။ စာအုပ်များကို အောက်ပါ အင်တာနက် စာမျက်နှာမှ ဆွဲယူဖတ်ရှုနိုင်ပါသည်။
http://203.155.51.53/iomthailand/index.php?option=com_docman&task=cat_view&gid=21&Itemid=4

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကို ရွှေ့ပြောင်းအလုပ်သမားများအစီအစဉ်၊ အိုင်အိုအမ် ထိုင်းနိုင်ငံရုံးခွဲ မှထုတ်ဝေသည်။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် ဖုံး –၀၂–၃၄၃၉၃၀၀၊ ဖက်စ် – ၀၂– ၃၄၃၉၃၉၉၊ (သို့မဟုတ်) e-mail: migrantnews@iom.int. သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကိုအောက်ပါအင်တာနက်စာမျက်နှာမှဆွဲယူဖတ်ရှုနိုင်ပါသည်။
http://203.155.51.53/iomthailand/index.php?option=com_docman&task=doc_details&gid=58&Itemid=4